**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**အလုပ်သမားဝန်ကြီးဌာန**

ကြေညာချက်အမှတ် ၅ /၂၀၂၁

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်

၁။ COVID-19 ကပ်ရောဂါကြောင့် နိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးထိခိုက်ကျဆင်းချိန်တွင် အကြမ်းဖက်စစ်အုပ်စု၏ အာဏာလုယက်မှုကြောင့် အခြေအနေ ပိုမိုဆိုးရွားလာပြီး စက်ရုံ၊ အလုပ်ရုံများ၊ အလုပ်ဌာနများပိတ်သိမ်းခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများထွက်ခွာခြင်းနှင့် အလုပ်သမားလျှော့ချခြင်း တို့ကြောင့် အလုပ်သမားဈေးကွက်တွင် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ အဆိုပါအခြေအနေတွင်အချို့သော အလုပ်ရှင်များသည် နိုင်ငံရေးမတည်ငြိမ်မှုကို အခွင့်ကောင်းယူလျက် အခြေခံအလုပ်သမားအခွင့်အရေးများ၊ ဥပဒေပါ ရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက် မပေးသည့် အပြင် COVID-19 ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အခြေခံအထောက်အပံ့နှင့် အစီအမံများကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် ပျက်ကွက်လျက်ရှိကြောင်း အလုပ်သမားများ၏ သတင်းပေးပို့ တိုင်ကြားချက်အရ အောက်ပါအတိုင်း သိရှိရသည်-

(က) နှာခေါင်းစည်း/ မျက်နှာအကာ ပြည့်စုံစွာထောက်ပံ့မပေးခြင်း (တစ်ပတ်လျှင် တစ်ခုသာ ထုတ်ပေးခြင်း/လုံးဝမပေးခြင်း)

(ခ) လက်ဆေးရန် ရေ၊ ဆပ်ပြာနှင့် ပိုးသတ်ဆေးရည် လုံလောက်အောင်စီစဉ် မပေးခြင်း/လုံးဝမပေးခြင်း၊

(ဂ) လုပ်ငန်းခွင်အတွင်း လုပ်သားတစ်ဦးနှင့် တစ်ဦး ရောဂါကူးစက်နိုင်ခြေ နည်းသည့် သတ်မှတ်အကွာအဝေးအတိုင်း လုပ်ကိုင်စေမှုမရှိခြင်း၊ COVID-19 ကြိုတင်ကာကွယ်ရေးဆိုင်ရာ အကာအရံများပျက်စီးနေသော်လည်း ပြုပြင်ပေးမှုမရှိခြင်း/လုံးဝ မရှိခြင်း၊

(ဃ) လုပ်ငန်းခွင် လေဝင်လေထွက် ကောင်းမွန်မှု မရှိခြင်း၊

(င) အလုပ်ရုံအတွင်း ပုံမှန် ပိုးသတ်သန့်စင်မှုများ မပြုလုပ်ခြင်း။

၃။ ဤသို့ COVID-19 ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများကို ဖြည့်ဆည်း ဆောင်ရွက်ပေးမှု မရှိသဖြင့် အလုပ်သမားများသည် COVID-19 ကပ်ရောဂါ စတုတ္ထလှိုင်း ကျရောက်မည့်ဘေးအန္တရာယ်ကိုရင်ဆိုင်နေရပြီး မိမိတို့ အလုပ်သမားဝန်ကြီးဌာနသည် အမျိုးသားညီညွတ်ရေး အစိုးရ၏ ဦးဆောင်မှုအောက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အခြားမိတ်ဖက် အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်း၍ အလုပ်သမားများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် အစွမ်းကုန်ကြိုးပမ်း အားထုတ်လျက်ရှိပါသည်။

၄။ အလုပ်သမားများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသော သက်ရှိအရင်းအမြစ်များ ဖြစ်သည့်အပြင် အလုပ်ရှင်များအတွက်လည်း အရေးကြီးသော မိတ်ဖက်များဖြစ် သဖြင့် အလုပ်ရှင်များနှင့် အလုပ်ရှင် ကိုယ်စား စီမံခန့်ခွဲ သူများအနေဖြင့် အလုပ်သမားများ ရထိုက်သည့် ဥပဒေပါရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အပါအဝင် COVID-19 ကပ်ရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ရေး အစီအမံများနှင့် အထောက်အပံ့များကို အပြည့်အဝစီစဉ်ပေးရန်နှင့် လိုက်နာမှုမရှိသည့် အလုပ်ရှင်များနှင့် အလုပ်ရှင်ကိုယ်စား စီမံခန့်ခွဲသူများကို မှတ်တမ်းထားရှိကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

နိုင်သုဝဏ္ဏ<br>
ပြည်ထောင်စုဝန်ကြီး<br>
အလုပ်သမားဝန်ကြီးဌာန<br>
အမျိုးသားညီညွတ်ရေးအစိုးရ